တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်

ညအချိန် (သဟဒ်ဂျုဒ်ဆွလာသ်ဝတ်ပြုရန်အတွက်)

နိုးထတော်မူသောအခါတိုင်း တံပူဖြင့်မိမိပါးစပ်(သွား)ကို တိုက်တော်မူလေ့ရှိသည်။

ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ညအချိန် (သဟဒ်ဂျုဒ်ဆွလာသ်ဝတ်ပြုရန်အတွက်)
နိုးထတော်မူသောအခါတိုင်း တံပူဖြင့် မိမိပါးစပ်(သွား)ကို တိုက်တော်မူလေ့ရှိသည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် တံပူ (မိစ်ဝါးက်) ဖြင့်သွားတိုက်ခြင်းကို မကြာခဏ ပြုလုပ်တတ်ပြီးထိုသို့ပြုလုပ်ရန်လည်းအမိန့်ပေးတော်မူသည်။ ထိုအလေ့အထသည် အချို့အချိန်များတွင်အထူးပင် အားပေးထားသည်ကို တွေ့ရသည်။ ယင်းအချိန်များအနက်တစ်ခုမှာ ညအချိန် နိုးထသောအခါမိစ်ဝါက်တံပူစားခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ထိုအချိန်တွင် မိစ်ဝါးက်တံပူဖြင့် မိမိပါးစပ်ကိုကောင်းစွာ ပွတ်တိုက်၍ သန့်ရှင်းစေတတ်သောကြောင့် ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3063